# Lucky Bird \ "GO GREEN 2010" အစီအစဉ်အရ သစ်ပင်စိုက်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပခြင်း

ရန်ကုန်၊ 2010ခုနှစ် ဇွန်လ (26)ရက်

Lucky Bird Group of Companies \ "GO GREEN 2010" အစီအစဉ်အရ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်(၉)နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info Tech ဝင်းအတွင်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါသည်။



ကမ္ဘာကြီးတစ်စစပူနွေးလာမှု၊သဘာဝပတ်ဝန်းကျင်များပျက်စီးယိုယွင်းလာမှု၊ဂေဟစနစ်များပြောင်းလဲဖေါက်ပြန်လာမှုတို့၏ နောက်ဆက်တွဲအကျိုးဆက်များကိုဖြေရှင်းရာတွင်တစထောင့်တစ်နေရာကပါဝင်ပံ့ပိုးသည့်အနေဖြင့်လည်းကောင်း၊ ကမ္ဘာမြေ စိမ်းလမ်းစိုပြေရေး "GO GREEN" ကို လက်တွေ့အကောင်အထည်ဖေါ်နေကြတွင် ပူးပေါင်းပါဝင်သည့်အနေဖြင့်လည်းကောင်း၊ ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရခြင်းဖြစ်ပါသည်။

**Toshiba MFP Digital Copier (e-STUDIO) \Authorized Distributor ဖြစ်သော Lucky Bird သည် Toshiba e-STUDIO Copier တစ်လုံးရောင်းချရတိုင်း ပတ်ဝန်းကျင်စိမ်းလမ်းစိုပြေရေး၊ ဒေသသာယာလှပရေးအတွက် သစ်ပင်တစ်ပင်စီကို စိုက်ပျိုးသွားမည်ဟူသော ကတိပြု ရည်ရွယ်ချက်အတိုင်း ယခုကဲ့သို့ သစ်ပင်များစက်ပျိုးသွားခြင်းဖြစ်ကြောင်းကို Lucky Bird Group of Companies \ Managing Director မှ အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသွားပါသည်။**

စီးပွားရေး၊ သဘာဝအလှတရားနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုများ ဟန်ချက်ညီစွာတည်ရှိနေစေရန် Lucky Bird အနေဖြင့် အစဉ်အမြဲအထူးဂရုပြုလျှက်ရှိပါသည်။




Toshiba Group တစ်ခုလုံးအနေနှင့်လည်း "Harmony with Earth" ဟူ၍ Environmental Vision 2050 ကိုချမှတ် အကောင်အထည်ဖေါ် ဆောင်ရွက်လျှက်ရှိပါသည်။ Toshiba မိသားစုဝင် Lucky Bird သည်လည်း အဆိုပါ Vision ဖေါ်ဆောင်ရေးတွင် အင်တိုက်အားတိုက်ပါဝင်သညအနေနှင့် "GO GREEN 2010" အစီအစဉ်ကို ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် Myanmar Info Tech မှတာဝန်ရှိသူများ၊ Lucky Bird ဝန်ထမ်းမိသားစုများ၊ ပြည်တွင်းသတင်း ဂျာနယ်များမှဖိတ်ကြားထားသူများက ကျွန်း၊ သရက်၊ ကြက်မောက်၊ အင်ကြင်း၊ စကားဝါ၊ ခရေ၊ ကံ့ကော်၊ ပျဉ်းမ၊ ပိန္နဲ၊ တည်နှင့် ကတ္တီပါအပင် များကို တပျော်တပါးစိုက်ပျိုးကြပါသည်။



"LUCKY BIRD GO GREEN 2010" အစီအစဉ်အရ ယနေ့စိုက်ပျိုးသော သစ်ပင်များကို LUCKY BIRD တစ်ဦးတည်းအတွက်စိုက်ပျိုးခြင်းမဟုတ်ဘဲ၊ Toshiba e-STUDIO Copier ဝယ်ယူသုံးစွဲသူများအားလုံးကို လည်း ကိုယ်စားပြုစိုက်ပျိုးပေးခြင်းဖြစ်သောကြောင့် ၄င်းတို့အနေနှင့်လည်း များစွာကုသိုလ်လည်းရ၊ ကြည်နူးဝမ်းသာမှုများလည်းဆောင်ကြဉ်းပေး နိုင်စေမည် ဖြစ်ပါသည်။

အရည်အသွေးမြင့် Toshiba MFP Digital Copier (e-STUDIO) များကို စိတ်ချယုံကြည် ရသော အာမခံဝန်ဆောင်မှုအပြည့်ဖြင့်၊ မိုးတွင်းကာလ အထူးအစီအစဉ်များနှင့် ရောင်းချ ပေးလျက်ရှိရာ Lucky Bird အရောင်းပြခန်းများတည်ရှိရာ အောက်ပါလိပ်စာများတွင် စိတ်တိုင်းကျလေ့လာဝယ်ယူနိုင်ပါသည်။

**ရန်ကုန်**

အမှတ် (၃၅၅)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
ဖုန်း - (၀၁) ၂၄၈၁၆၇၊ ၃၇၉၈၇၅၊ ၃၉၉၀၁၁

**မန္တလေး**

အမှတ် (၅)၊ ၂၆လမ်း၊ ၇၈လမ်းနှင့် ၇၉လမ်းကြား၊ မန္တလေး။ ဖုန်း - (၀၂) ၂၁၅၂၇

**နေပြည်တော**

အနောက်မြောက်ထောင့်၊ သပြေကုန်းဈေး၊ နေပြည်တော်။ ဖုန်း - (၀၆၇) ၄၁၄၁၁၃

ဖော်ရွေပြီး Product Knowledge ရှိသော အရောင်းဝန်ထမ်းများက လုပ်ငန်းနှင့်အံဝင်ကိုက်ညီမည့် Toshiba MFP အမျိုးအစားကိုလမ်းညွှန်ရှင်းလင်းပြသ ပေးကြပါလိမ့်မည်ဖြစ်ကြောင်းကို သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်။